(၅) **ပင်စည်ပုပ်ရောဂါ (Stem rot)**

**ရောဂါဖြစ်စေသက်ရှိ** - *Athelia rolfsii* (Curzi) C. C. Tu & Kimbr.), (*Sclerotium rolfsii* Sacc.)

**ရောဂါလက္ခဏာ**များ

ပင်စည်ပေါ်တွင် အညိုရင့်ရောင်/အမဲရောင် အနာကွက်များကို အဖြူရောင်မှိုမျှင် များနှင့် အတူတွေ့ရသည်။ မှိုမျှင်များကြားတွင် အဖြူရောင်(သို့) အညိုရင့်ရောင် စကလိုးရှားအလုံးငယ်များကိုတွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါရသည့် ပင်ကြွင်းပင်ကျန်များကို မီးရှို့ဖျက်ဆီးပါ။
- အပင်ငယ်စဉ်တွင် ရောဂါပျံ့နှံ့မှုနည်းပါးစေရန် အတွက်ရေသွင်းရေထုတ် ကောင်းမွန် အောင်ပြုလုပ်ပေးရမည်။
- အလေ့ကျပေါက်သော မြေပဲပင်နှင့်ပေါင်း ပင်များတွင် ရောဂါဖြစ်စေသော မှိုခို အောင်း နေနိုင်သဖြင့် ၎င်းအပင်များကို ဖယ်ရှားပစ်ရမည်။
- ရောဂါဒဏ်ခံနိုင်ရည်ရှိစေရန်အတွက် လကြေးမြေဩဇာကိုထည့်သွင်း အသုံးပြုပါ။
- မျိုးစေ့လူးနယ်မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးပါ။

- ရောဂါလက္ခဏာစတင်တွေ့ရှိပါက အောက်ပါမှိုသတ်ဆေးများကို အပင်နှင့် အပင်ခြေရင်းမြေထဲသို့ရွှဲရွှဲဖျန်းပါ။

  Tebuconazole (တက်ဗျူကိုနာဇိုး)၊ Azoxystrobin (အဇိုဆီစထရိုဘင်)၊
  Hymexazol (ဟိုင်မီဇာဇိုးလ်)၊